| | ၁၅ | စက်မှု | ၆.၉၀၀ | ၁,၅၅၂.၄၉၀ | -၁,၅၄၅.၅၉၀ | ၄၂၁.၆၀၆ | ၉၇၆.၀၆၇ | -၅၅၄.၄၆၁ | ၆၁၁၀.၂၃% | ၆၂.၈၇% |
| | ၁၆ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၂၈.၆၁၃ | ၅၁၅.၆၇၀ | -၄၈၇.၀၅၇ | ၂၉.၆၁၉ | ၄၂၈.၅၄၂ | -၃၉၈.၉၂၃ | ၁၀၃.၅၂% | ၈၃.၁၀% |
| | ၁၇ | ပညာရေး | ၂,၀၄၄.၇၀၈ | ၁၃၄,၁၀၆.၄၃၆ | -၁၃၂,၀၆၁.၇၂၈ | ၃၅၆.၆၅၀ | ၄၆,၁၃၅.၉၃၆ | -၄၅,၇၇၉.၂၈၆ | ၁၇.၄၄% | ၃၄.၄၀% |
| | ၁၈ | ကျန်းမာရေးနှင့်အားကစား | ၈,၅၇၄.၁၉၉ | ၁၁၅,၆၄၃.၃၄၀ | -၁၀၇,၀၆၉.၁၄၁ | ၃,၆၃၆.၄၃၅ | ၈၃,၄၄၄.၅၈၉ | -၇၉,၈၀၈.၁၅၄ | ၄၂.၄၁% | ၇၂.၁၆% |
| | ၁၉ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၅,၉၂၃.၅၆၇ | ၁၈,၆၈၈.၇၇၉ | -၁၂,၇၆၅.၂၁၂ | ၄,၂၈၂.၆၄၇ | ၈,၀၄၆.၀၉၉ | -၃,၇၆၃.၄၅၂ | ၇၂.၃၀% | ၄၃.၀၅% |
| | ၂၀ | ဆောက်လုပ်ရေး | ၂၄,၁၆၃.၅၈၀ | ၁၆၄,၉၂၁.၉၃၆ | -၁၄၀,၇၅၈.၃၅၆ | ၁၂,၁၃၀.၇၀၉ | ၇၆,၀၄၆.၄၂၆ | -၆၃,၉၁၅.၇၁၇ | ၅၀.၂၀% | ၄၆.၁၁% |
| | ၂၁ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | | ၁,၁၁၈.၆၀၈ | -၁,၁၁၈.၆၀၈ | | ၉၇၁.၉၃၃ | -၉၇၁.၉၃၃ | | ၈၇.၂၅% |
| | ၂၂ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၇၄၅.၂၀၀ | ၈၄၉.၁၃၂ | -၁၀၃.၉၃၂ | ၁၇.၂၀၁ | ၅၅.၄၉၅ | -၃၈.၂၉၄ | ၂.၃၀% | ၆.၅၄% |
| | ၂၃ | တိုင်းရင်းသားလူမျိုးများရေးရာ | | ၂၂၆.၉၇၇ | -၂၂၆.၉၇၇ | | ၁၉၄.၁၀၃ | -၁၉၄.၁၀၃ | | ၈၅.၆၁% |
| | ၂၄ | အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး | | | | | | | | |
| | | စုစုပေါင်း | ၅၁,၇၁၉.၃၉၆ | ၁,၅၄၁,၅၄၃.၇၀၇ | -၁,၄၈၉,၈၂၄.၃၁၁ | ၅၆,၂၈၂.၉၂၂ | ၁,၁၉၀,၉၈၂.၄၇၅ | -၁,၁၃၄,၆၉၉.၅၅၃ | ၁၀၈.၈၂% | ၇၇.၂၆% |

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လအတွက် ဘဏ္ဍာငွေအရအသုံးဆိုင်ရာအစီရင်ခံစာ

## ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈ မူလခန့်မှန်းခြေ | | | ၂၀၁၈ ဧပြီလမှ စက်တင်ဘာလကုန်အထိ အကောင်အထည်ဖော်နိုင်မှု | | | မူလခန့်မှန်းခြေ အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | | ဝန်ကြီးဌာန၊ဦးစီးဌာနများ | | | | | | | | |
| | ၁ | နိုင်ငံခြားရေး | | | | | | | | |
| | ၂ | သမ္မတရုံး | | | | | | | | |
| | ၃ | ပြည်ထဲရေး | ၇၉,၃၂၇.၈၂၅ | | +၇၉,၃၂၇.၈၂၅ | ၇၉,၃၂၇.၈၂၅ | | +၇၉,၃၂၇.၈၂၅ | ၁၀၀.၀၀% | |
| | ၄ | ကာကွယ်ရေး | | ၆,၄၀၁.၅၃၀ | -၆,၄၀၁.၅၃၀ | | ၆,၃၉၅.၁၇၄ | -၆,၃၉၅.၁၇၄ | | ၉၉.၉၀% |
| | ၅ | နယ်စပ်ရေးရာ | | | | | | | | |
| | ၆ | နိုင်ငံတော်အတိုင်ပင်ခံရုံး | | | | | | | | |
| | ၇ | ပြန်ကြားရေး | | | | | | | | |
| | ၈ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | | | | | | | | |
| | ၉ | သာသနာရေးနှင့်ယဉ်ကျေးမှု | | | | | | | | |
| | ၁၀ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း | ၁၂၉,၈၉၅.၀၀၀ | ၄၆,၉၆၂.၈၆၈ | +၈၂,၉၃၂.၁၃၂ | ၁၃၁,၈၅၁.၁၂၇ | ၄၉,၀၉၈.၇၃၂ | +၈၂,၇၅၂.၃၉၅ | ၁၀၁.၅၁% | ၁၀၄.၅၅% |
| | ၁၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၈,၉၈၄.၆၆၀ | ၂,၄၄၉.၁၂၆ | +၁၆,၅၃၅.၅၃၄ | ၉,၆၀၀.၅၉၈ | ၂,၆၇၇.၇၃၁ | +၆,၉၂၂.၈၆၇ | ၅၀.၅၇% | ၁၀၉.၃၃% |
| | ၁၂ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | | | | | | | | |
| | ၁၃ | လျှပ်စစ်နှင့်စွမ်းအင် | ၁၇,၀၂၈.၁၈၈ | ၁၉,၅၁၁.၇၅၁ | -၂,၄၈၃.၅၆၃ | ၉,၁၉၀.၂၄၂ | ၁၆,၈၆၉.၇၂၃ | -၇,၆၇၉.၄၈၁ | ၅၃.၉၇% | ၈၆.၄၆% |
| | ၁၄ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | | | | | | | | |
| | ၁၅ | စက်မှု | ၆၂၀.၀၀၀ | | +၆၂၀.၀၀၀ | | | | | |
| | ၁၆ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၃၅၈.၃၂၃ | ၅၀.၀၀၀ | +၃၀၈.၃၂၃ | ၂၅၄.၆၈၂ | ၅၀.၀၀၀ | +၂၀၄.၆၈၂ | ၇၁.၀၈% | ၁၀၀.၀၀% |
| | ၁၇ | ပညာရေး | ၅,၆၂၄.၀၀၈ | | +၅,၆၂၄.၀၀၈ | ၃,၁၃၆.၀၅၄ | | +၃,၁၃၆.၀၅၄ | ၅၅.၇၆% | |
| | ၁၈ | ကျန်းမာရေးနှင့်အားကစား | ၆,၆၈၁.၀၃၂ | | +၆,၆၈၁.၀၃၂ | ၃၆၉.၂၂၂ | | +၃၆၉.၂၂၂ | ၅.၅၃% | |
| | ၁၉ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၃၁၈,၇၁၂.၄၂၈ | ၇၃,၅၀၉.၆၇၈ | +၂၄၅,၂၀၂.၇၅၀ | ၃၁,၇၁၉.၅၈၁ | ၆၆,၄၅၆.၁၄၆ | -၃၄,၇၃၆.၅၆၅ | ၉.၉၅% | ၉၀.၄၀% |
| | ၂၀ | ဆောက်လုပ်ရေး | ၁၀၅,၁၉၁.၉၃၅ | ၂၅,၀၀၀.၀၀၀ | +၈၀,၁၉၁.၉၃၅ | ၂၆,၃၂၉.၇၉၉ | ၂၄,၉၉၉.၉၇၀ | +၁,၃၂၉.၈၂၉ | ၂၅.၀၃% | ၁၀၀.၀၀% |
| | ၂၁ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | | | | | | | | |
| | ၂၂ | ဟိုတယ်နှင့်ခရီးသွားလာရေး | | | | | | | | |
| | ၂၃ | တိုင်းရင်းသားလူမျိုးများရေးရာ | | | | | | | | |
| | ၂၄ | အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး | | | | | | | | |
| | | စုစုပေါင်း | ၆၈၂,၄၂၄.၃၉၉ | ၁၇၃,၈၈၄.၉၅၃ | +၅၀၈,၅၃၉.၄၄၆ | ၂၉၁,၇၇၉.၁၃၀ | ၁၆၆,၅၄၇.၄၉၆ | +၁၂၅,၂၃၁.၆၃၄ | ၄၂.၇၆% | ၉၅.၇၈% |

## ပြည်ထောင်စုဝန်ကြီးဌာန ၊ ဦးစီးဌာနများ၏
## ၂၀၁၈ ခုနှစ် ၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လအတွက် ယာယီအမှန်စာရင်းအရ
## မူလခန့်မှန်းခြေရငွေ၊ သုံးငွေအပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ သာမန်ရငွေပိုင်းတွင် မူလခန့်မှန်းခြေ ကျပ် ၃,၆၀၄,၁၄၈.၇၅၂ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃,၉၈၄,၉၁၈.၀၆၄ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၁၀.၅၆ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် မူလခန့်မှန်းခြေ ကျပ် ၄,၆၂၇,၁၉၃.၀၂၈ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၄,၁၉၆,၇၂၀.၄၁၆ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၉၀.၇၀ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် ရေရောင်းရငွေ၊ လယ်ယာသုံးစက်ကိရိယာရောင်းချရငွေ၊ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများမှရငွေ၊ မြေငှားရမ်းခရငွေ၊ အထွက်ကောင်းသီးနှံမျိုးစေ့ရောင်းချရငွေများနှင့် ဖျက်သိမ်းလိုက်သော စက်မှုသီးနှံလုပ်ငန်းများမှ ရငွေများရရှိခြင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတွင် ရေယာဉ်အကောက်စခန်းများတွင် ဖြတ်သန်းခရငွေများ၊ နယ်နိမိတ်ဖြတ်ကျော် ပျံသန်းခရငွေများ၊ ပြည်ပတင်သွင်းယာဉ်များ အချိန်မီလာရောက်ဆောင်ရွက်ခြင်း မရှိသည့်အတွက် ဒဏ်ကြေးငွေများ၊ မော်တော်ဆိုင်ကယ် ကနဦးမှတ်ပုံတင်လုပ်ငန်းဆောင်ရွက်သော ယာဉ်စီးရေ၊ နှစ်လဲမှတ်ပုံတင်ယာဉ်စီးရေနှင့် ယာဉ်မောင်းလိုင်စင်စောင်ရေများပြားလာခြင်းနှင့် လိုင်းနှုန်းစဉ် သုံးစွဲခများ ပိုမိုရရှိခဲ့ခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ရတနာ၊ ရဲတံခွန်နှင့် ဇောတိကစီမံကိန်းများမှ Royalty ပိုမိုရရှိခြင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲခြင်းကြောင့် အတိုးရငွေများ ပိုမိုရရှိခြင်း၊ BOT စနစ်ဖြင့် ဆောင်ရွက်သည့် ဘီလူးချောင်း(၃) ရေအားလျှပ်စစ်စီမံကိန်းအတွက်စေ့ရောက်သောအတိုးအား အနာဂတ်စွမ်းအားကုမ္ပဏီမှ ပေးသွင်းခြင်းနှင့် သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းအတွက် စေ့ရောက်သော အတိုးအား ရွှေစွမ်းအင်ကုမ္ပဏီမှ ပြန်လည်ပေးသွင်းခြင်း၊ အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတွင် နယ်စပ်ဖြတ်သန်းခများ၊ နယ်စပ်ဖြတ်သန်းခွင့်စာအုပ်(BP/ TBP) ရောင်းချရငွေများ၊ ပြည်ဝင်ဗီဇာခများ၊ နိုင်ငံသားကဒ်ပြုလုပ်ခြင်းအခငွေများ၊ ဆိုင်ခန်းငှားရမ်းခရငွေများ၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးခြင်းနှင့် ပြည်ပသို့ သွားရောက်လုပ်ကိုင်သည့် အလုပ်သမားများထံမှရရှိသည့် မှတ်ပုံတင်ကြေးနှင့် ဒဏ်ကြေးရငွေများ ပိုမိုရရှိခြင်း၊ ပြည်ပမှ ဗီဇာအမျိုးမျိုးဖြင့် လာရောက်သူများပြားခြင်း၊

နိုင်ငံခြားသား မှတ်ပုံတင်ခများ ပိုမိုရရှိခြင်း၊ စက်မှုဝန်ကြီးဌာနတွင် ဒီဂျီဆဲလ် မြန်မာတာဝါကုမ္ပဏီလီမိတက်သို့ မြေငှားရမ်းခရငွေ နှုန်းထားတိုးမြှင့်ခြင်း၊ လုပ်ငန်းလုပ်ကိုင်သူများမှ ပေးသွင်းသည့် လိုင်စင်ခ၊ မှတ်ပုံတင်ခများ၊ ဘွိုင်လာ စစ်ဆေးခရငွေများနှင့် ဝင်းသူဇာဆိုင် အဆောက်အဦ ငှားရမ်းခရငွေများ ပိုမို ရရှိခြင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် တစ်ဆင့် သယ်ယူဖြတ်သန်းခရငွေ၊ ကုန်ချကွင်းယာဉ်ဖြတ်သန်းခ၊ ယာဉ်ဖြတ်သန်း ချိန်တွယ်ခရငွေနှင့် အခြားရငွေများပိုမိုရရှိခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန တွင် လမ်းအသုံးပြုခများ၊ မြေနှင့်အဆောက်အဦ ငှားရမ်းခများ၊ တံတားများ အပေါ် ပိုက်လိုင်းဖြတ်သန်းခရငွေများ၊ မြေတိုင်းခနှင့် မြေပုံရာဇဝင်ကူးခများ ပိုမိုရရှိခြင်း၊ မြေအသုံးချမှု ပရီမီယံကြေးများ၊ မြေငှားရမ်းခ ပေးဆောင်ရန်နှင့် အဆောက်အဦဆောက်လုပ်ပြီးစီးရန် နောက်ကျသဖြင့် ဒဏ်ကြေးငွေများ ပိုမို ရရှိခြင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် အခွန်အကောက်ရငွေ များပိုမိုရရှိခြင်းနှင့် ပြည်ပအကူအညီရငွေအတွက် ယူရိုငွေလဲလှယ်နှုန်းတိုးမြှင့် လာခြင်းကြောင့် လျာထားချက်ထက် ပိုမိုရခြင်း။

(၂) **သာမန်ရငွေလျော့နည်းရရှိမှု။** နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ပြည်ပရောက် မြန်မာနိုင်ငံသားများအတွက် ထောက်ခံချက်ပြုလုပ်ပေးရမှု နည်းပါးခြင်း၊ ကာကွယ်ရေးဝန်ကြီးဌာနတွင် မြေနှင့်အဆောက်အဦ ငှားရမ်းခရငွေများ လျော့နည်းခြင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနတွင် အိန္ဒိယနိုင်ငံမှ ကူညီထောက်ပံ့ငွေ မရရှိခြင်း၊ ပညာရေးဝန်ကြီးဌာနတွင် JICA ၊ ဒိန်းမတ်နှင့် UNICEF တို့မှ ပြည်ပအကူအညီရငွေများ အပြည့်အဝမရရှိခြင်း၊ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေများ လျော့နည်းရရှိခြင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် UNICEF နှင့် UNFPA တို့မှ ထောက်ပံ့ငွေများ လျော့နည်းရရှိခြင်း။

(၃) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** ကာကွယ်ရေးဝန်ကြီးဌာနတွင် လစာနှင့်စရိတ် တိုးမြှင့်လာခြင်း၊ နိုင်ငံခြားခရီးစဉ်များနှင့် မမျှော်လင့်သောအစည်းအဝေးပွဲများ တက်ရောက်ရခြင်းနှင့် ငွေလဲလှယ်နှုန်းပြောင်းလဲခြင်း၊ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနတွင် ဝန်ထမ်းများ၏ လစာနှုန်းထားများတိုးမြှင့်ခြင်း၊ အထက်ရဲရွာ၊ သူငွေး၊ အထက်ကျိုင်းတောင်း၊ သောက်ရေခပ်(၂)နှင့် ဘီလူးချောင်း(၃)ရေအား လျှပ်စစ်စီမံကိန်းများအတွက် စေ့ရောက်သောအတိုးများပေးချေခဲ့ရခြင်း၊ စက်မှု ဝန်ကြီးဌာနတွင် လစာနှုန်းထားများ တိုးမြှင့်ခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး(MSME)အတွက် ပြပွဲ၊ ပြိုင်ပွဲများကို တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျင်းပရခြင်း၊ လူမှုဖူလုံရေး

ကြေးများတိုးလာခြင်းနှင့်ပညာပေးသင်တန်းများကျခံရမှုများခြင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ဝန်ထမ်းများ လစာနှုန်းတိုးမြှင့်ခြင်း၊ စားသုံးသူအကာအကွယ်ပေးရေးအတွက် မြို့နယ်များသို့ ကွင်းဆင်းဆောင်ရွက်ရခြင်း၊ စီးပွားရေးသံမှူး(၉)ဦး၏ ခရီးစရိတ်များ ပေးချေရခြင်း၊ ရုံးသုံးစက်ကိရိယာနှင့် အဆောက်အဦပြင်ဆင်စရိတ်များ ပိုမိုသုံးစွဲရခြင်း၊ ပညာရေးဝန်ကြီးဌာနတွင် လစာနှုန်းတိုးမြှင့်ခြင်း၊ နေ့စားလုပ်အားခများတိုးမြှင့်ခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ ပညာရေးဝန်ထမ်းများအား စာရင်းအင်းဆိုင်ရာသင်တန်းများ၊ ပညာရပ်ဆိုင်ရာသင်တန်းများသို့ ဗဟို/တိုင်း/ပြည်နယ်/ခရိုင်/မြို့နယ် အဆင့်အထိ ဆောင်ရွက်ပေးနိုင်ခဲ့ခြင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသောအဆောက်အဦများ ပြင်ဆင်ထိန်းသိမ်းရခြင်း၊ ကျောင်းသားဦးရေတိုးလာခြင်းကြောင့် ပညာသင်စရိတ် ပိုမိုပေးချေရခြင်း၊ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုသင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ခဲ့ခြင်းတို့ကြောင့် လျာထားချက်ထက် ပိုမိုသုံးစွဲရခြင်း။

(၄) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနတွင် ပစ္စည်းများဝယ်ယူခြင်း၊ ဆောင်ရွက်ပေးခြင်းတို့အတွက် ကုန်ကျစရိတ်နှင့် လုပ်အားခ၊ ပြင်ဆင်ထိန်းသိမ်းစရိတ်၊ ပညာရေးနှင့်လူမှုရေးအသုံးစရိတ်တို့တွင် လျော့နည်းသုံးစွဲခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် အစည်းအဝေး၊လေ့လာရေးနှင့် သင်တန်းများလျော့နည်းခဲ့ခြင်း၊ အခြားလုပ်ငန်းသုံးပစ္စည်းများ သုံးစွဲနိုင်မှုနည်းပါးခြင်း၊ ဝန်ထမ်းပညာသင်စရိတ် ထောက်ပံ့မှုနည်းပါးခြင်း၊စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း (MDI)မှ လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှုမရှိခြင်း၊ နိုင်ငံတော်စရိတ်ဖြင့် ပြည်ပသို့ကိုယ်စားလှယ်သွားရောက်မှုနည်းပါးခြင်း၊ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲငွေများသည် သုံးစွဲသည့်ဌာနများတွင်သာ အသုံးစရိတ် စာရင်းတင်ဖော်ပြရခြင်း၊ Budget Support အတွက် ထောက်ပံ့ခြင်း ခေါင်းစဉ်တွင် European Union ထောက်ပံ့ငွေနှင့် ကမ္ဘာ့ဘဏ်ချေးငွေ (DPO)ဖြင့် ထောက်ပံ့ငွေများ မရရှိသဖြင့် အသုံးစရိတ်သုံးစွဲနိုင်မှုမရှိခြင်းတို့ကြောင့် လျော့နည်းရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် မူလခန့်မှန်းခြေ ကျပ် ၅၁,၇၁၉.၃၉၆ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၅၆,၂၈၂.၉၂၂ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၈.၈၂ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် မူလခန့်မှန်းခြေ ကျပ် ၁,၅၄၁,၅၄၃.၇၀၇ သန်း ဖြစ်ပြီး၊အကောင်အထည်ဖော်နိုင်မှု ကျပ် ၁,၁၉၀,၉၈၂.၄၇၅ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၇၇.၂၆ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** ပြန်ကြားရေးဝန်ကြီးဌာနတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရေကူစက်ရုံဝန်းအတွင်းရှိ(၈)ခန်းတွဲ အဆောက်အဦဟောင်းဖျက်သိမ်းခြင်းမှ ရငွေများနှင့် JICA အဖွဲ့အစည်းမှ ရုပ်မြင်သံကြား ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် အရေးပေါ်ရန်ပုံငွေမှ ထပ်မံရရှိပါသဖြင့် ပိုမိုရခြင်း၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတွင် အဆောက်အဦ အလုံး(၃၁)ရောင်းရငွေနှင့် စူးတက်ကုမ္ပဏီသို့ ဌာနပိုင်အစုရှယ်ယာ ၄၅ % ရောင်းရငွေများရရှိခြင်း၊ စက်မှုဝန်ကြီးဌာနတွင် စက်မှုသင်တန်းကျောင်း (ပခုက္ကူ)အတွက် အိန္ဒိယမှ အကူအညီရရှိခြင်းနှင့် စက်မှုသင်တန်းကျောင်း (ဆင်တဲ)အတွက်ဂျာမဏီမှ စက်နှင့်စက်ပစ္စည်းများ ရရှိခြင်းတို့ကြောင့် လျာထားချက်ထက်ပိုမိုရခြင်း။

(၂) **ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။** သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေဖြင့် ဆောင်ရွက်သည့်စီမံကိန်းအချို့မှာ ရန်ပုံငွေလွှဲပို့မှုမရှိခြင်းနှင့် နောက်ကျခြင်းတို့ကြောင့် ပြည်ပအကူအညီရငွေ အပြည့်အဝမရရှိခြင်း၊ ပညာရေးဝန်ကြီးဌာနတွင် ဆယ်တင်ပစ္စည်းရောင်းချရငွေများ လျော့နည်းရရှိခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ရေးရန်ပုံငွေအတွက် ဒိန်းမတ်မှ အကူအညီနှင့် သဘာဝဘေးအန္တရာယ်ရှိ ကျောင်းဆောင်များ ဆောက်လုပ်ရန်တို့အတွက် JICA မှ အကူအညီများ အပြည့်အဝမရရှိခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေဖြင့်ဆေးရုံအဆင့်မြှင့်တင်ခြင်းစီမံချက် စာရင်းတင်ဆောင်ရွက်ရန် လျာထားသော်လည်း လျာထားသည့်အတိုင်းမရရှိခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် Mini Data Center အတွက် Network ချိတ်ဆက်ခြင်း၊ Switches, Modems, Generator နှင့် Transformer မှာ တစ်ပါတည်း ပါဝင်သည့်အတွက် သီးခြားကျခံသုံးစွဲရန်မလိုအပ်ခြင်း၊ National IT Specialist အားငှားရမ်းမှုမပြုလုပ်ခြင်းတို့ကြောင့် ယင်းအသုံးစရိတ်နှင့်ဆက်စပ်သည့်ရငွေများလျော့နည်းရရှိခြင်း၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်း၏အစီအမံဖြင့်သုံးစွဲရခြင်းဖြစ်ပြီး သုံးစွဲနိုင်သလောက်သာ သက်ဆိုင်ရာငွေစာရင်းတွင် အရစာရင်းတင်ပြရခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် အိန္ဒိယအကူအညီဖြင့်ဆောင်ရွက်သော ကလေး-ကျီကုန်း-တမူးလမ်းပေါ်ရှိ တံတား(၆၉)စင်း အတွက်စက်ပစ္စည်းများ သယ်ယူနိုင်ရန် ခွင့်ပြုချက်ရရှိရေးဆောင်ရွက်ဆဲဖြစ်၍ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုမရှိသေးခြင်း၊ ADB အကူအညီဖြင့်

ဆောင်ရွက်သည့် Civil Work လုပ်ငန်းများအတွက် ငွေမပေးချေရသေးခြင်းတို့ကြောင့် ပြည်ပအကူအညီရငွေများ ရယူနိုင်မှုမရှိခြင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် ADB အကူအညီဖြင့် မွန်ပြည်နယ်တွင် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းအတွက် ADB ၏ သတ်မှတ်ချက်များနှင့် ကိုက်ညီရန်အချိန်ယူဆောင်ရွက်ရသဖြင့် သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်နိုင်မှုမရှိခြင်းတို့ကြောင့် လျော့နည်းရခြင်း။

(၃) **ငွေလုံးငွေရင်းသုံးငွေပိုမိုသုံးစွဲမှု။** ပြန်ကြားရေးဝန်ကြီးဌာနတွင် ဂျပန်အစိုးရမှ ထောက်ပံ့သည့် ရုပ်မြင်သံကြား စက်ပစ္စည်းများအတွက် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲရပါသဖြင့် လျာထားချက်ထက် ပိုမိုရခြင်း။

(၄) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေဖြင့် ဆောင်ရွက်သော စီမံကိန်းများ၏ အသုံးစရိတ်များ လျော့နည်းခြင်း၊ စက်ပစ္စည်းဝယ်ယူရာတွင် တင်ဒါဈေးနှုန်း လျော့နည်းခြင်းနှင့် စက်ပစ္စည်းဝယ်ယူရေးကော်မတီမှ စိစစ်ဖြတ်တောက်ခြင်း၊ မြေယာလျော်ကြေး ပေးချေနိုင်မှုမရှိခြင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် နိုင်ငံ့ဝန်ထမ်းများ လစာနှုန်းတိုးမြှင့်ခဲ့သဖြင့် လစာလိုငွေများအတွက် ငွေလုံးငွေရင်းအသုံးစရိတ်မှ ညွှန်ကြားချက်အရ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခဲ့ခြင်းကြောင့် လျော့နည်းရခြင်း၊ စက်မှုဝန်ကြီးဌာနတွင် ရုံးသုံးပရိဘောဂများ ဈေးနှုန်းစိစစ်ချက်များကြောင့် လျော့နည်းရခြင်း၊ ADB ချေးငွေဖြင့် ဆောင်ရွက်မည့် စက်ပစ္စည်းများ ဝယ်ယူနိုင်မှုမရှိခြင်း၊ ပညာရေးဝန်ကြီးဌာနတွင် လစာနှုန်းတိုးမြှင့်ခြင်းကြောင့် ဝန်ထမ်းလစာများအတွက် ငွေလုံးငွေရင်းအသုံးစရိတ်မှ လွှဲပြောင်းသုံးစွဲရပါသဖြင့် လျော့နည်းခြင်းနှင့် စက်ပစ္စည်းများအား တင်ဒါစနစ်ဖြင့်ဝယ်ယူခဲ့ခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် ဆောက်လုပ်ရေးလုပ်ငန်းများမှ တင်ဒါပိုလျှံငွေများနှင့်စက်ပစ္စည်းများဝယ်ယူရာတွင် တင်ဒါဈေးနှုန်းသက်သာခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် Mini Data Center အတွက် Network ချိတ်ဆက်ခြင်း၊ Switches, Modems, Generator နှင့် Transformer များမှာ တစ်ပါတည်း ပါဝင်သည့်အတွက် သီးခြားကျခံသုံးစွဲရန်မလိုခြင်း၊ National ICT Specialist အား ငှားရမ်းမှုမပြုခြင်း၊ Mini Data Center ဝယ်ယူခြင်းအတွက် ကျသင့်ငွေအားလုပ်ငန်းမပြီးပြတ်၍ ပေးချေရန်ကျန်ရှိခြင်း၊ ကမ္ဘာ့ဘဏ်ချေးငွေ/ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ရန်လျာထားသည့် ပင်စင်စနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းအတွက် သုံးစွဲခွင့်ပြုမိန့်မရရှိခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် ချေးငွေဖြင့်ဆောင်ရွက်မည့်လုပ်ငန်းများမှာ မိုးရာသီကာလဖြစ်၍ လျာထားသည့်အတိုင်းဆောင်ရွက်နိုင်မှုမရှိခြင်း၊ Survey Data မမှန်

ကန်ခြင်းကြောင့် လုပ်ငန်းမစတင်နိုင်ခြင်း၊ သာကေတတံတားမှာ လုပ်ငန်း ပမာဏလျော့နည်းသွားခြင်း၊ဒလတံတားတည်ဆောက်ရေးလုပ်ငန်းမှာ Design ပြောင်းလဲဆောင်ရွက်ရခြင်း၊ အတည်ပြုလမ်းကြောင်းအရ မြေယာလျော်ကြေး ပေးချေရန် မလိုအပ်သေးခြင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် ဝန်ထမ်းများ လစာနှုန်းတိုးမြှင့်လာခြင်းအတွက် ငွေလုံးငွေရင်းအသုံးစရိတ်မှ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခဲ့ခြင်းကြောင့် ပရိဘောဂများ လျာထားသည့်အတိုင်း ဝယ်ယူနိုင်မှုမရှိခြင်းနှင့် စက်ပစ္စည်းဝယ်ယူရာတွင် မူလဈေးနှုန်းထက် ပိုမို သက်သာခဲ့ခြင်းတို့ကြောင့် လျာထားချက်ထက် လျော့နည်းရခြင်း။

(ဂ) **ကြွေးမြီရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ကြွေးမြီရငွေ ပိုင်းတွင် မူလခန့်မှန်းခြေ ကျပ် ၆၈၂,၄၂၄.၃၉၉ သန်းဖြစ်ပြီး၊ အကောင်အထည် ဖော်နိုင်မှု ကျပ် ၂၉၁,၇၇၉.၁၃၀ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၄၂.၇၆ ဖြစ်ပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် မူလခန့်မှန်းခြေ ကျပ် ၁၇၃,၈၈၄.၉၅၃ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၆၆,၅၄၇.၄၉၆ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၉၅.၇၈ ဖြစ်ပါသည်။ ကြွေးမြီ ရငွေ၊ သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါ အတိုင်း တွေ့ရှိရပါသည်-

(၁) **ကြွေးမြီရငွေပိုမိုရရှိမှု။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနတွင် Japan ODA ချေးငွေ၊ World Bank ချေးငွေတို့ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ပြည်ပချေးယူရငွေများ ပိုမိုရရှိခဲ့ခြင်း။

(၂) **ကြွေးမြီရငွေလျော့နည်းရရှိမှု။** ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာနတွင် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်မည့် AIRBM Project တွင် PMU (၃)ထပ်ဆောင် ဆောက်လုပ်ခြင်းအတွက် ငွေပေးချေရန် ကျန်ရှိခြင်း၊ NIRAS SI (System Indicator)အတွက် ငွေပေးချေရန် ကျန်ရှိခြင်းနှင့် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်သည့် Universal Service Fund လုပ်ငန်း အတွက် အကြံပေးငှားရမ်းခြင်းလုပ်ငန်းသာ ဆောင်ရွက်နေဆဲဖြစ်ခြင်းကြောင့် ချေးယူရငွေလျော့နည်းရခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် နိုင်ငံခြား ငွေလဲလှယ်နှုန်းပြောင်းလဲခြင်း၊ BOT စနစ်ဖြင့်ဆောင်ရွက်သော သောက်ရေစပ် (၂)စီမံကိန်းအတွက် စာချုပ်အရ ချေးငွေအပေါ်အရင်းကို ရွှေစွမ်းအင်ကုမ္ပဏီ လီမိတက်မှပေးသွင်းမှုမရှိခြင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနတွင် မြန်မာနိုင်ငံသားများဘဏ်တွင် ထည့်ဝင်ထားသော အစုရှယ်ယာ အမြတ်ဝေစုကို ၆% ရရှိမည်ဟု လျာထားခဲ့သော်လည်း ၄% သာ ရရှိခြင်း၊ ကမ္ဘာ့ရတနာဘဏ်အတွက် အမြတ်ဝေစုမရရှိခြင်း၊ ပညာရေးဝန်ကြီးဌာနတွင်

EYE (Equipping Youth for Employment Sector Development) Project အတွက် ADB မှ ချေးငွေအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အရသာ စာရင်းတင်ဆောင်ရွက်ရခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် ADB မှ ချေးငွေများမရရှိသေးခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် Mini Data Center အတွက် Network ချိတ်ဆက်ခြင်း၊ Swiches, Modems, Generator နှင့် Transformer များမှာ တစ်ပါတည်း ပါဝင်သည့်အတွက် သီးခြားကျခံသုံးစွဲရန်မလိုခြင်း၊ Mini Data Center ဝယ်ယူခြင်းအတွက်ကျသင့်ငွေအား လုပ်ငန်းမပြီးပြတ်၍ ပေးချေရန်ကျန်ရှိခြင်းတို့ကြောင့် ယင်းနှင့်ဆက်စပ်သည့် ရငွေများလျော့နည်းခြင်း၊ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်ရန်လျာထားသည့် ပင်စင်စနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန် အတွက် သုံးစွဲခွင့်ပြုမိန့်မရရှိခြင်းနှင့် Budget Support (DPO)Development Policy Operation အတွက် ချေးငွေမရရှိသေးခြင်းကြောင့် ကြွေးမြီရငွေလျော့နည်းရခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် ချေးငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများသည်မိုးရာသီကာလဖြစ်၍ လုပ်ငန်းပြီးစီးမှုရာခိုင်နှုန်းလျော့နည်းပြီး ငွေထုတ်ယူနိုင်မှုမရှိသေးခြင်း၊ Survey Data မမှန်ကန်ခြင်းကြောင့် လုပ်ငန်းမစတင်နိုင်ခြင်း၊ EDCF ချေးငွေဖြင့် ဆောင်ရွက်သောကိုရီးယား-မြန်မာချစ်ကြည်ရေးတံတား ဒီဇိုင်းပြင်ဆင်ရေးဆွဲရခြင်း၊ Consultant Fee နှင့် Construction Fee သုံးစွဲမှုမရှိသေးခြင်း၊ World Bank ချေးငွေဖြင့်ဆောင်ရွက်သည့် ရေကြီးရေလျှံနှင့်မြေပြိုမှုများအတွက် အရေးပေါ် ပြန်လည်ထူထောင်ရေးစီမံကိန်းအား မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆောင်ရွက်နိုင်မှုမရှိသေးခြင်းတို့ကြောင့် ကြွေးမြီရငွေလျော့နည်းရခြင်း။

(၃) **ကြွေးမြီသုံးငွေပိုမိုသုံးစွဲမှု။** စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတွင် တရုတ်ချေးငွေ၊ China Exim Bank နှင့် Shinhan Bank တို့အပေါ် အရင်းပြန်လည်ပေးဆပ်ရာတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲခြင်းကြောင့် ပိုမိုသုံးစွဲရခြင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံချေးငွေဖြင့် သောင်တူးရေယာဉ်နှင့် အထောက်အကူပြုရေယာဉ် (၁၉)စီး ဝယ်ယူခြင်းအတွက် အရင်းပေးဆပ်ချိန်တွင် ငွေလဲလှယ်နှုန်းတိုးမြင့်ခြင်းကြောင့် လျာထားချက်ထက်ပိုမိုသုံးစွဲရခြင်း။

(၄) **ကြွေးမြီသုံးငွေလျော့နည်းသုံးစွဲမှု။** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် EXIM Bank of China ချေးငွေနှင့် အိန္ဒိယချေးငွေတို့အတွက် အရင်းပေးဆပ်ရန် တောင်းခံလာမှုမရှိသေးခြင်းကြောင့် လျာထားချက်ထက်လျော့နည်းသုံးစွဲရခြင်း။

၂။ ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လအတွက် မူလခန့်မှန်းခြေ ရငွေ၊ သုံးငွေများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ပတ်သက်၍ အောက်ပါအတိုင်း ခြုံငုံသုံးသပ် တင်ပြအပ်ပါသည်-

(က) ရငွေပိုင်းတွင် သာမန်ရငွေရရှိမှု ၁၁၀.၅၆ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရငွေရရှိမှု ၁၀၈.၈၂ ရာခိုင်နှုန်း၊ ကြွေးမြီရငွေရရှိမှု ၄၂.၇၆ ရာခိုင်နှုန်းဖြစ်သဖြင့် စုစုပေါင်း ရငွေ ရရှိမှုမှာ ၉၉.၈၈ ရာခိုင်နှုန်း ဖြစ်ပါသည်။ သာမန်ရငွေနှင့် ငွေလုံးငွေရင်းရငွေပိုင်းတွင် လျာထားချက်ကို ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ သော်လည်း ကြွေးမြီရငွေပိုင်းတွင်လျာထားချက်ပြည့်မီရန်လိုအပ်ကြောင်းတွေ့ရှိရပါသည်။

(ခ) သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ် ၉၀.၇၀ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၇၇.၂၆ ရာခိုင်နှုန်း၊ ကြွေးမြီအသုံးစရိတ် ၉၅.၇၈ ရာခိုင်နှုန်း ဖြစ်သဖြင့် စုစုပေါင်း အသုံးစရိတ် ၈၇.၅၇ ရာခိုင်နှုန်း ဖြစ်ပါသည်။ သာမန်အသုံးစရိတ်နှင့် ကြွေးမြီအသုံး စရိတ်ပိုင်းတွင် လျာထားချက်နှင့် နီးစပ်စွာ သုံးစွဲနိုင်ကြောင်းတွေ့ရှိရပါသည်။ ငွေလုံး ငွေရင်းအသုံးစရိတ်ပိုင်းတွင် လျာထားချက်ထက် လျော့နည်းသုံးစွဲခဲ့ကြောင်း တွေ့ရှိရ ပါသည်။

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လအတွက် ဘဏ္ဍာငွေအရအသုံးဆိုင်ရာအစီရင်ခံစာ

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈ မူလခန့်မှန်းခြေ | | | ၂၀၁၈ ဧပြီလမှ စက်တင်ဘာလကုန်အထိ အကောင်အထည်ဖော်နိုင်မှု | | | မူလခန့်မှန်းခြေ အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားလူမှုဖူလုံရေးအဖွဲ့ | ၄၅,၀၁၈.၂၈၀ | ၁၅,၉၇၃.၁၃၈ | +၂၉,၀၄၅.၁၄၂ | ၅၅,၈၅၃.၅၂၉ | ၁၂,၂၉၇.၃၃၅ | +၄၃,၅၅၆.၁၉၄ | ၁၂၄.၀၇% | ၇၆.၉၉% |
| | | စုစုပေါင်း | ၄၅,၀၁၈.၂၈၀ | ၁၅,၉၇၃.၁၃၈ | +၂၉,၀၄၅.၁၄၂ | ၅၅,၈၅၃.၅၂၉ | ၁၂,၂၉၇.၃၃၅ | +၄၃,၅၅၆.၁၉၄ | ၁၂၄.၀၇% | ၇၆.၉၉% |

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လအတွက် ဘဏ္ဍာငွေအရအသုံးဆိုင်ရာအစီရင်ခံစာ

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈ မူလခန့်မှန်းခြေ | | | ၂၀၁၈ ဧပြီလမှ စက်တင်ဘာလကုန်အထိ အကောင်အထည်ဖော်နိုင်မှု | | | မူလခန့်မှန်းခြေ အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | ၄၅,၀၁၈.၂၈၀ | ၁၅,၄၆၄.၉၄၂ | +၂၉,၅၅၃.၃၃၈ | ၅၅,၈၅၁.၇၇၅ | ၁၁,၈၄၃.၈၇၅ | +၄၄,၀၀၇.၉၀၀ | ၁၂၄.၀၆% | ၇၆.၅၉% |
| | | စုစုပေါင်း | ၄၅,၀၁၈.၂၈၀ | ၁၅,၄၆၄.၉၄၂ | +၂၉,၅၅၃.၃၃၈ | ၅၅,၈၅၁.၇၇၅ | ၁၁,၈၄၃.၈၇၅ | +၄၄,၀၀၇.၉၀၀ | ၁၂၄.၀၆% | ၇၆.၅၉% |

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လအတွက် ဘဏ္ဍာငွေအရအသုံးဆိုင်ရာအစီရင်ခံစာ

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈ မူလခန့်မှန်းခြေ | | | ၂၀၁၈ ဧပြီလမှ စက်တင်ဘာလကုန်အထိ အကောင်အထည်ဖော်နိုင်မှု | | | မူလခန့်မှန်းခြေ အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | | ၅၀၈.၁၉၆ | -၅၀၈.၁၉၆ | ၁.၇၅၄ | ၄၅၃.၄၆၀ | -၄၅၁.၇၀၆ | | ၈၉.၂၃% |
| | | စုစုပေါင်း | | ၅၀၈.၁၉၆ | -၅၀၈.၁၉၆ | ၁.၇၅၄ | ၄၅၃.၄၆၀ | -၄၅၁.၇၀၆ | | ၈၉.၂၃% |

# ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ၂၀၁၈ ခုနှစ် ၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လအတွက် ယာယီအမှန်စာရင်းအရ မူလခန့်မှန်းခြေရငွေ၊ သုံးငွေအပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သောဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ သာမန်ရငွေပိုင်းတွင် မူလခန့်မှန်းခြေ ကျပ် ၄၅,၀၁၈.၂၈၀ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၅၅,၈၅၁.၇၇၅ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၂၄.၀၆ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် မူလခန့်မှန်းခြေ ကျပ် ၁၅,၄၆၄.၉၄၂ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၁,၈၄၃.၈၇၅ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၇၆.၅၉ ဖြစ်ပါသည်။သာမန်ရငွေ၊သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** အကျုံးဝင်မှတ်ပုံတင်သည့်အလုပ်ဌာနများမှ အာမခံအလုပ်သမားဦးရေတိုးတက်လာခြင်းနှင့် တိုးမြှင့်လာသောလုပ်ခလစာများဖြင့် ထည့်ဝင်ကြေးငွေများ ပေးဆောင်ပါသဖြင့် လျာထားချက်ထက် ပိုမိုရရှိခြင်း။

(၂) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြှင့်တင် ကွင်းဆင်းမည့် ခရီးစဉ်များအတွက် ခွင့်ပြုထုတ်ပေးရန် လျာထားသော်လည်း လျာထားချက်အတိုင်း ဆောင်ရွက်နိုင်မှုမရှိခြင်း၊ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်တွင် ပါဝင်သည့် မကျန်းမာမှု၊ မီးဖွားမှုများ၊ နာရေးစရိတ် အကျိုးခံစားခွင့်များနှင့် အလုပ်တွင် ထိခိုက်မှုအာမခံစနစ်တွင် ပါဝင်သော ယာယီမသန်စွမ်းမှု၊အမြဲတမ်းမသန်စွမ်းမှု၊ အလုပ်ကိုအကြောင်းပြု၍ သေဆုံးခြင်းအတွက် ကျန်ရစ်သူငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးရန် လျာထားသည့် အသုံးစရိတ်များသည် မမျှော်မှန်းနိုင်သည့် အသုံးစရိတ်များ ဖြစ်ခြင်း၊ ဆေးရုံကြီးများ၊ ရုံးခွဲများနှင့် ဆေးပေးခန်းများ ပြင်ဆင် ခြင်းလုပ်ငန်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် ရုံးသုံးယာဉ်များ ပြင်ဆင်ခြင်းအတွက် သုံးစွဲရန် လျာထားသော်လည်း လိုအပ်သည့်လုပ်ငန်းများသာ ဆောင်ရွက်ခြင်းတို့ကြောင့် လျာထားချက်ထက် လျော့နည်းရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သောဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် လျာထားချက်မရှိသော်လည်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုမှာ ကျပ် ၁.၇၅၄ သန်း ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် မူလခန့်မှန်းခြေ ကျပ် ၅၀၈.၁၉၆ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၄၅၃.၄၆၀ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၈၉.၂၃ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** ဆောက်လုပ်ရေးလုပ်ငန်းများ စာရင်းစစ်ဆေးချက်အရပိုငွေများ ပြန်လည်ပေးသွင်းခြင်းနှင့် အဆောက်အဦရက်လွန်ဒဏ်ကြေးများ ပေးသွင်းခြင်းမှရငွေများရရှိခြင်းကြောင့် ပိုမိုရခြင်း။

(၂) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** ဆေးပစ္စည်းကိရိယာ(၁)မျိုးအား ကြမ်းခင်းဈေးနှုန်းထက်ပိုမို၍ ဝယ်ယူနိုင်မှုမရှိခြင်းနှင့် တင်ဒါခေါ်ယူခြင်းမှ ဈေးနှုန်းများ လျော့နည်းခြင်းတို့ကြောင့် လျာထားချက်ထက် လျော့နည်းရခြင်း။

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လအတွက် ဘဏ္ဍာငွေအရအသုံးဆိုင်ရာအစီရင်ခံစာ

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈ မူလခန့်မှန်းခြေ | | | ၂၀၁၈ ဧပြီလမှ စက်တင်ဘာလကုန်အထိ အကောင်အထည်ဖော်နိုင်မှု | | | မူလခန့်မှန်းခြေအပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | ၁၀,၁၅၁.၄၀၀ | ၈,၈၈၅.၅၁၁ | +၁,၂၆၅.၈၈၉ | ၈,၀၂၄.၃၅၀ | ၈,၇၉၅.၁၉၀ | -၇၇၀.၈၄၀ | ၇၉.၀၅% | ၉၈.၉၈% |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၂၇၅,၈၀၈.၅၂၈ | ၃၅၅,၄၃၉.၉၉၁ | -၇၉,၆၃၁.၄၆၃ | ၂၉၈,၂၁၆.၃၈၅ | ၂၈၂,၈၀၀.၇၄၆ | +၁၅,၄၁၅.၆၃၉ | ၁၀၈.၁၂% | ၇၉.၅၆% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၁၉၂,၁၆၃.၇၇၀ | ၁၅၈,၂၂၆.၉၄၉ | +၃၃,၉၃၆.၈၂၁ | ၂၂၃,၉၃၂.၆၉၆ | ၁၅၁,၀၇၄.၈၅၉ | +၇၂,၈၅၇.၈၃၇ | ၁၁၆.၅၃% | ၉၅.၄၈% |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၂,၂၅၀,၆၉၂.၇၅၀ | ၂,၂၂၆,၃၀၉.၄၃၂ | +၂၄,၃၈၃.၃၁၈ | ၂,၃၃၅,၆၈၂.၄၆၂ | ၂,၀၄၈,၂၂၇.၄၄၃ | +၂၈၇,၄၅၅.၀၁၉ | ၁၀၃.၇၈% | ၉၂.၀၀% |
| | ၅ | စက်မှု | ၄၀,၇၈၆.၇၅၈ | ၁၆၉,၉၄၅.၃၇၃ | -၁၂၉,၁၅၈.၆၁၅ | ၄၂,၈၇၁.၈၆၈ | ၁၆၉,၅၀၂.၅၃၄ | -၁၂၆,၆၃၀.၆၆၆ | ၁၀၅.၁၁% | ၉၉.၇၄% |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၄၅၃,၉၆၉.၇၄၇ | ၄၅၁,၈၄၁.၂၉၁ | +၂,၁၂၈.၄၅၆ | ၄၈၉,၆၀၄.၁၁၂ | ၃၇၄,၆၃၅.၆၃၉ | +၁၁၄,၉၆၈.၄၇၃ | ၁၀၇.၈၅% | ၈၂.၉၁% |
| | | စုစုပေါင်း | ၃,၂၂၃,၅၇၂.၉၅၃ | ၃,၃၇၀,၆၄၈.၅၄၇ | -၁၄၇,၀၇၅.၅၉၄ | ၃,၃၉၈,၃၃၁.၈၇၃ | ၃,၀၃၅,၀၃၆.၄၁၁ | +၃၆၃,၂၉၅.၄၆၂ | ၁၀၅.၄၂% | ၉၀.၀၄% |

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လအတွက် ဘဏ္ဍာငွေအရအသုံးဆိုင်ရာအစီရင်ခံစာ

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈ မူလခန့်မှန်းခြေ | | | ၂၀၁၈ ဧပြီလမှ စက်တင်ဘာလကုန်အထိ အကောင်အထည်ဖော်နိုင်မှု | | | မူလခန့်မှန်းခြေအပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | ၁၀,၁၅၁.၄၀၀ | ၈,၇၈၉.၀၃၁ | +၁,၃၆၂.၃၆၉ | ၈,၀၂၄.၃၅၀ | ၈,၇၀၈.၆၂၁ | -၆၈၄.၂၇၁ | ၇၉.၀၅% | ၉၉.၀၉% |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၇၃,၇၆၄.၀၉၁ | ၁၀၈,၀၇၉.၉၀၀ | +၆၅,၆၈၄.၁၉၁ | ၂၅၀,၀၇၄.၁၈၆ | ၁၀၄,၁၂၁.၅၄၁ | +၁၄၅,၉၅၂.၆၄၅ | ၁၄၃.၉၂% | ၉၆.၃၄% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၁၉၂,၁၂၉.၂၇၀ | ၁၅၇,၈၃၃.၈၁၄ | +၃၄,၂၉၅.၄၅၆ | ၂၂၃,၈၉၅.၀၉၁ | ၁၅၀,၇၁၁.၂၄၆ | +၇၃,၁၈၃.၈၄၅ | ၁၁၆.၅၃% | ၉၅.၄၉% |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၂,၁၁၃,၁၃၈.၉၃၆ | ၁,၉၆၁,၂၃၀.၁၇၆ | +၁၅၁,၉၀၈.၇၆၀ | ၂,၂၅၃,၃၉၃.၃၂၂ | ၁,၈၄၇,၅၀၃.၆၅၃ | +၄၀၅,၈၈၉.၆၆၉ | ၁၀၆.၆၄% | ၉၄.၂၀% |
| | ၅ | စက်မှု | ၄၀,၇၈၆.၇၅၈ | ၆၄,၀၂၂.၂၆၈ | -၂၃,၂၃၅.၅၁၀ | ၄၀,၈၂၅.၅၃၁ | ၅၉,၈၉၇.၅၂၃ | -၁၉,၀၇၁.၉၉၂ | ၁၀၀.၁၀% | ၉၃.၅၆% |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၃၃၀,၀၂၁.၇၀၅ | ၃၂၉,၈၁၀.၈၇၈ | +၂၁၀.၈၂၇ | ၄၁၄,၅၄၂.၉၀၉ | ၃၄၂,၉၃၅.၅၇၈ | +၇၁,၆၀၇.၃၃၁ | ၁၂၅.၆၁% | ၁၀၃.၉၈% |
| | | စုစုပေါင်း | ၂,၈၅၉,၉၉၂.၁၆၀ | ၂,၆၂၉,၇၆၆.၁၀၇ | +၂၃၀,၂၂၆.၀၅၃ | ၃,၁၉၀,၇၅၅.၃၈၉ | ၂,၅၁၃,၈၇၈.၁၆၂ | +၆၇၆,၈၇၇.၂၂၇ | ၁၁၁.၅၃% | ၉၅.၅၉% |

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လအတွက် ဘဏ္ဍာငွေအရအသုံးဆိုင်ရာအစီရင်ခံစာ

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈ မူလခန့်မှန်းခြေ | | | ၂၀၁၈ ဧပြီလမှ စက်တင်ဘာလကုန်အထိ အကောင်အထည်ဖော်နိုင်မှု | | | မူလခန့်မှန်းခြေအပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | | ၉၆.၄၈၀ | -၉၆.၄၈၀ | | ၈၆.၅၆၉ | -၈၆.၅၆၉ | | ၈၉.၇၃% |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၃,၃၃၆.၉၄၀ | ၂၃၂,၃၂၅.၃၃၃ | -၂၁၄,၅၈၈.၃၉၃ | ၇,၈၂၉.၄၈၄ | ၁၆၅,၈၆၇.၅၄၀ | -၁၅၈,၀၃၈.၀၅၆ | ၄၄.၁၄% | ၇၁.၃၉% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၃၄.၅၀၀ | ၃၉၃.၀၉၅ | -၃၅၈.၅၉၅ | ၃၇.၆၀၅ | ၃၆၃.၆၁၃ | -၃၂၆.၀၀၈ | ၁၀၉.၀၀% | ၉၂.၅၀% |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၁၆၀.၄၀၀ | ၁၅၆,၇၃၇.၈၉၂ | -၁၅၆,၅၇၇.၄၉၂ | ၅၄.၃၇၂ | ၈၁,၀၁၀.၇၂၅ | -၈၀,၉၅၆.၃၅၃ | ၃၃.၉၀% | ၅၁.၆၉% |
| | ၅ | စက်မှု | | ၄၄,၂၄၄.၁၃၃ | -၄၄,၂၄၄.၁၃၃ | ၂,၀၄၆.၃၃၇ | ၄၄,၇၆၁.၄၂၁ | -၄၂,၇၁၅.၀၈၄ | | ၁၀၁.၁၇% |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၂,၃၇၃.၆၀၀ | ၁၀,၈၅၄.၄၅၁ | -၈,၄၈၀.၈၅၁ | ၁၅၅.၂၃၈ | ၄,၉၂၉.၉၃၇ | -၄,၇၇၄.၆၅၉ | ၆.၅၄% | ၄၅.၄၂% |
| | | စုစုပေါင်း | ၂၀,၃၀၅.၄၄၀ | ၄၄၄,၆၅၁.၄၂၄ | -၄၂၄,၃၄၅.၉၈၄ | ၁၀,၁၂၃.၀၇၆ | ၂၉၇,၁၀၉.၈၀၅ | -၂၈၆,၈၉၆.၇၂၉ | ၄၉.၈၅% | ၆၆.၈၀% |

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လအတွက် ဘဏ္ဍာငွေအရအသုံးဆိုင်ရာအစီရင်ခံစာ

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈ မူလခန့်မှန်းခြေ | | | ၂၀၁၈ ဧပြီလမှ စက်တင်ဘာလကုန်အထိ အကောင်အထည်ဖော်နိုင်မှု | | | မူလခန့်မှန်းခြေ အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | | **နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ** | | | | | | | | |
| | ၁ | ပြန်ကြားရေး | | | | | | | | |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၈၄,၃၀၇.၄၉၇ | ၁၅,၀၃၄.၇၅၈ | +၆၉,၂၇၂.၇၃၉ | ၄၀,၃၁၂.၇၁၅ | ၁၂,၈၁၁.၆၆၅ | +၂၇,၅၀၁.၀၅၀ | ၄၇.၈၂% | ၈၅.၂၀% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | | | | | | | | |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၁၃၇.၃၉၃.၄၁၄ | ၁၀၈,၃၄၁.၃၆၄ | +၂၉.၀၅၂.၀၅၀ | ၈၂.၂၃၄.၇၆၈ | ၁၁၉.၇၁၃.၀၆၅ | -၃၇.၄၇၈.၂၉၇ | ၅၉.၈၅% | ၁၁၀.၅၀% |
| | ၅ | စက်မှု | | ၆၁,၆၇၈.၉၃၂ | -၆၁,၆၇၈.၉၃၂ | | ၆၄,၈၄၃.၅၉၀ | -၆၄,၈၄၃.၅၉၀ | | ၁၀၅.၁၃% |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၁၂၁.၅၇၄.၄၄၂ | ၁၁၁,၁၇၅.၉၆၂ | +၁၀,၃၉၈.၄၈၀ | ၇၄.၉၀၅.၉၂၅ | ၂၆.၇၇၀.၁၂၄ | +၄၈.၁၃၅.၈၀၁ | ၆၁.၆၁% | ၂၄.၀၈% |
| | | စုစုပေါင်း | ၃၄၃.၂၇၅.၃၅၃ | ၂၉၆,၂၃၀.၀၁၆ | +၄၇,၀၄၄.၃၃၇ | ၁၉၇.၄၅၃.၄၀၈ | ၂၂၄.၁၃၈.၄၄၄ | -၂၆၆၈၅.၀၃၆ | ၅၇.၅၂% | ၇၅.၆၆% |

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏
## ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လအတွက် ယာယီအမှန်စာရင်းအရ
## မူလခန့်မှန်းခြေရငွေ၊သုံးငွေအပေါ်အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအနေဖြင့်သာမန်ရငွေအပိုင်းတွင် မူလခန့်မှန်းခြေ ကျပ် ၂,၈၅၉.၉၃၂ ဘီလီယံအနက်ကျပ် ၃,၁၉၀.၇၅၅ ဘီလီယံ ရရှိခဲ့ပြီး ၁၁၁.၅၇ ရာခိုင်နှုန်းဆောင်ရွက်နိုင်ခဲ့ပါသည်။ သာမန်အသုံးစရိတ်တွင် မူလခန့်မှန်းခြေကျပ် ၂,၆၂၉.၇၆၆ ဘီလီယံအနက်ကျပ် ၂,၅၁၃.၈၇၈ ဘီလီယံသုံးစွဲခဲ့၍ ၉၅.၅၉ ရာခိုင်နှုန်းဖြစ်ပါသည်။ သာမန်ရငွေ၊သုံးငွေနှင့်ပတ်သက်၍ထူးခြားမှုအခြေအနေများကို အောက်ပါအတိုင်းတွေ့ရှိရပါသည်–

(၁) **သာမန်ရငွေပိုမိုရရှိမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် ကျင်းခိုလှိုခ၊အဆောက်အဦနှင့်မြေငှားရမ်းခြင်းတို့မှ ဝင်ငွေရရှိခြင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် Operator အသစ်ဖြစ်သည့် MyTelမှာ၂၀၁၈ခုနှစ်၊ ဧပြီလတွင် ဈေးကွက်အတွင်းဝင်ရောက်မည်ဟု ခန့်မှန်း၍ ဝင်ငွေ လျော့နည်းလျာထားခဲ့သော်လည်း ဇွန်လတွင်မှ စတင်ဝင်ရောက်သဖြင့် ခန့်မှန်းသည်ထက် ဝင်ငွေပိုမိုရရှိခြင်း၊မြန်မာ့စာတိုက်လုပ်ငန်းတွင် Online Shopping လုပ်ငန်း၊ ဘဏ်နှင့်ငွေလွှဲခြင်းစသောလုပ်ငန်းသစ်များမှ ဝန်ဆောင်ခများရရှိခြင်း၊ ရန်ကုန်စာတိုက်ကြီးနှစ်(၁၁၀)ပြည့် အထူးထုတ်တံဆိပ်ခေါင်းများရောင်းချခြင်းမှ ဝင်ငွေများရရှိခြင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းတွင် သစ်လုံးနှင့်သစ်ခွဲသားများအား ပြည်တွင်း၊ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနတို့မှ အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချခြင်းတို့ကြောင့် ဈေးနှုန်းပိုမိုရရှိခြင်းနှင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသည် လျာထားချက်တွင် ထည့်သွင်းလျာထားသော ပြည်တွင်း ပုလဲရောင်းပွဲအစား နိုင်ငံခြားငွေဖြင့်ရောင်းချသော Myanma Gems Emporium Pearl Auction ပွဲမှ ပုလဲရောင်းရငွေများ ပိုမိုရရှိခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ကမ်းလွန်ရေနံရှာဖွေရေးမှ ထွက်ရှိသည့်သဘာဝဓာတ်ငွေ့နှင့်လေဆီများအား ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချရာတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းမြင့်တက်ခဲ့ခြင်းကြောင့် လျာထားချက်ထက် ပိုမိုရရှိခဲ့ခြင်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းသည်ယူရီးယား၊ရေနံမီးသွေးနှင့်

ရေနံဓာတ်ငွေ့ရည်များလျှာထားချက်ထက် ပိုမိုထုတ်လုပ်ရောင်းချခဲ့ရခြင်းနှင့် ပိုမိုပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်နှင့်ဝင်ငွေခွန်ပြန်အမ်းငွေများမှ ပြန်လည်ရရှိခဲ့ခြင်းစက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းတွင် လက်ကျန်ကုန်ချောများရောင်းချခြင်း၊ နှစ်ဟောင်းကြွေးကျန် Billet ဖိုးများ ပြန်လည်ရရှိခြင်း၊ သံရည်ကျိုရာတွင် အသုံးပြု၍မရသော အင်ဂျင်ပျက်များအား လေလံတင်ရောင်းချရခြင်းနှင့်မြန်မာ့ဆေးဝါးလုပ်ငန်းသည်ဌာနကြီးများနှင့် အရောင်းကိုယ်စားလှယ်များသို့လျာထားချက်ထက်ပိုမိုရောင်းချထားခြင်းကြောင့် ရငွေများပိုမိုရရှိခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ထုတ်ချေးငွေအပေါ် အတိုးရငွေ၊ ရင်းနှီးမြှုပ်နှံမှုအပေါ်မှ အတိုးရငွေ၊ ကော်မရှင်နှင့်ဆောင်ရွက်မှုမှရငွေများ၊ အာမခံရငွေများနှင့် ငွေစက္ကူရိုက်နှိပ်ခရငွေများ ပိုမိုရရှိခြင်းကြောင့် ဖြစ်ပါသည်။

(၂) **သာမန်ရငွေလျော့နည်းရရှိမှု။** ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် ကြော်ငြာခရရှိငွေများ လျော့နည်းရရှိခြင်းတို့ကြောင့် လျော့နည်းရရှိခြင်းဖြစ်ပါသည်။

(၃) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် လစာနှုန်းထားတိုးမြှင့်သတ်မှတ်ခြင်းကြောင့် လစာနှင့်စရိတ်ပိုမိုခြင်း၊ ဘဏ္ဍာရေးနှစ် အကူးအပြောင်းကာလအတွင်းစစ်ဆေးရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်ရသဖြင့် ခရီးစရိတ်ပိုမိုခြင်း၊ငွေစုဘဏ်အပ်ငွေများအား ယခင်ကအတိုးနှုန်းတစ်နှစ်လျှင်(၂)ကြိမ် ထည့်ပေးသော်လည်း ယခု(၃)လတစ်ကြိမ် နှုန်းဖြင့် တစ်နှစ်လျှင် (၄)ကြိမ် ထည့်ပေးခြင်းကြောင့်အပ်ငွေနှင့်ချေးငွေအပေါ်အတိုးပေးငွေပိုမိုခြင်း၊အာမခံလျော်ကြေးငွေတောင်းခံမှုများပြားခြင်းနှင့် ပင်စင်ယူသည့်ဦးရေများပြားခြင်းတို့ကြောင့် ဖြစ်ပါသည်။

(ခ) **ငွေလုံးငွေရင်း ရငွေ၊ သုံးငွေ။** ငွေလုံးငွေရင်းရငွေ၊သုံးငွေတွင်ပြည်ပအကူအညီရငွေနှင့်ကြွေးမြီရငွေများပါ ဆက်စပ်ပါဝင်နေကြောင်း တွေ့ရှိရပါသည်။ ငွေလုံးငွေရင်းရငွေတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၂) သစ္စာတွင်းလုပ်ငန်းတွင် ခဲမဖြူသတ္တုစင်စက်ရုံ(သန်လျင်)မှ ဝန်ထမ်းနေအိမ်သစ်သား နှစ်ခန်းတွဲနှစ်လုံးနှင့်သံရည်ကျိုတိုးချဲ့ အဆောက်အဦတစ်လုံးတို့၏ ဆယ်တင်ပစ္စည်းများ လေလံတင်ရောင်းရငွေများရရှိခြင်း၊ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းတွင် ပျက်စီးယိုယွင်းနေသည့် အဆောက်အဦ(၅)လုံး၏ဆယ်တင်ပစ္စည်းများရောင်းချခြင်းနှင့် ထုံးကျောက်

